# မြန်မာနိုင်ငံသားများဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့(ဆွီဒင်)

မြန်မာနိုင်ငံသားများဆိုင်ရာဗုဒ္ဓဘာသာအဖွဲ့(ဆွီဒင်နိုင်ငံ)၏ နှစ်ပတ်လည်အစည်းအဝေးကို၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၂၅ရက် နေ့တွင် ပဓာနဩဝါဒစရိယဆရာတော်ဦးဥတ္တရနှင့် ဩဝါဒစရိယဆရာတော်ဦးနန္ဒတို့မှ ကြီးမှူးကျင်းပခဲ့ပုံများနှင့် ရလာဒ်များ ကို ဓမ္မမိတ်ဆွေအပေါင်း သာဓုအနုမောဒနာပြုနိုင်ရန် ထုတ်ပြန်အပ်ပါသည်။

**<u>အခမ်းအနားအစီအစဉ်</u>**

(နံနက်၉နာရီမှ၁၁နာရီ)
ဆရာတော်များမှအခမ်းအနားဖွင့်လှစ်ခြင်းနှင့်ဩဝါဒများချီးမြှင့်ခြင်း၊
၂ နှစ်တာအတွင်းဖြတ်သန်းခဲ့သောအခြေအနေများကိုရှင်းလင်းတင်ပြဆွေးနွေးခြင်း၊
(မွန်းတည့်၁၂း၃၀မှညနေ၄နာရီ)
ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ခြင်း၊
ပြင်ဆင်ဖွဲ့စည်းရွေးကောက်တင်မြှောက်ခြင်း

**<u>ကျင်းပုံအသေးစိတ်</u>**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ဆရာတော်များမှ ဩဝါဒတရားတော်များ ချီးမြှင့်ခဲ့သည်။
ဆရာတော်ဦးဥတ္တရမှအမှာစကားမိန့်ကြား၍ ၂ နှစ်တာအတွင်းဖြတ်သန်းခဲ့သော အားနည်းချက်များအပေါ် ရှင်းလင်းမိန့် ကြားခဲ့သည်။ တစ်သီးပုဂ္ဂလဆန္ဒများကိုရှေ့တမ်းတင်ခြင်းထက် ဖြစ်သင့်သည်များကို ဦးစားပေးဆောင်ရွက်ကြ ရန်တိုက် တွန်းခဲ့သည်။ အများအကျိုးအတွက်ဆောင်ရွက်ရာ၌ စိတ်ရှည်သီးခံရန်နှင့် ကုသိုလ်ပြုအကုသိုလ်ရတတ်ပုံကို ဩဝါဒပေးခဲ့ သည်။
ဆရာတော်ဦးနန္ဒမှ၂နှစ်တာအတွင်းဖြတ်သန်းမှုများအပေါ်သုံးသပ်၍အရာရာကိုမေတ္တာတရားဖြင့်လက်တွဲဆောင်ရွက်သွား ရန် အပါယ်ဘုံမလားနိုင်အောင်ကျိုးစားကြရန်ဩဝါဒပေးချီးမြှင့်ခဲ့သည်။
ဆရာတော်ဦးသောမနမှဆွီဒင်နိုင်ငံရောက် ဒါယကာ ဒါယကာမ များစုံစည်းတွေ့ရှိရသောကြောင့် ဝမ်းမြောက်ကြောင်းနှင့် ကုသိုလ်ရေးလုပ်ငန်းများကို စေတနာ ၃တံပြဌာန်း၍ ညီညွတ်စွာလုပ်ဆောင်ရန် ဩဝါဒချီးမြှင့်ခဲ့သည်။
၂ နှစ်တာအတွင်းဖြတ်သန်းခဲ့သောအတွေ့အကြုံများနှင့်ရလဒ်များကို ဗဟိုအမှုဆောင်များဖြစ်ကြသော ဥက္ကဌကိုကျော် သက်၊ အတွင်းရေးမှူးဦးအောင်တင့်နှင့် ကိုစံရ၊ ဘဏ္ဍာရေးမှူးမသီတာ၊ ပြန်ကြားရေးတာဝန်ခံ ကိုဇေယျာကိုယ်စား ကိုတာ တို့ မှ အသီးသီးတင်ပြခဲ့ကြသည်။
ကိုတာမှ ငွေစာရင်းရှင်းတမ်းကိုကြေငြာ၍ မသီတာမှ ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ရုပ်ထွေးသည့်ဘဏ် စနစ်အချို့ကြောင့် အလှူရှင်အချို့တို့၏အမည်များကို ဖေါ်မပြနိုင်သေးသည့်ပြဿနာကိုလည်း
မသီတာမှတင်ပြသွားခဲ့သည်။

Created with Print2PDF. To remove this line, buy a license at: http://www.software602.com/

နာယကတစ်ဖြစ်သောဦးရဲမှ လက်ရှိအခြေအနေများကို အတိုင်းအတာတစ်ခုအထိ စိတ်ကျေနပ်မှုရှိကြောင်း အသိအမှတ်ပြု ပြောကြားခဲ့သည်။

ကိုဝင်းနိုင်မှ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ၎င်း၏အမြင်နှင့် အတွေ့အကြုံများကို ရှင်းပြခဲ့သည်။

ပုဂ္ဂလိကအလှူရှင်တစ်ဦးဖြစ်သော ကိုအောင်မြင့်မှ အကျိုးအပြစ်များကိုသုံးသပ်ပြီး ကျောင်းဖြစ်မြောက်ရေးအတွက် ပိုမိုတိကျသော နေရာဌာန အဆောက်အအုံအမျိုးအစား ငွေကြေးပမာဏနှင့် အချိန်ကာလတို့ကို သတ်မှတ်ဆောင်ရွက်ရန် အကြံပေး တင်ပြသည်။

အလုပ်အမှုဆောင်များဖြစ်သည့် ကိုဇော်မျိုးနှင့် ကိုဇော်လင်းခိုင်တို့မှ ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အခန်းဂဏ္ဍများအကြောင်းကို တင်ပြခဲ့သည်။

<u>အစည်းအဝေးဆုံးဖြတ်ချက်များ</u>

–ချေးငှားငွေများကို ပြန်လည်ထုတ်ပေး၍ အဖွဲ့ပိုင်ငွေအစစ်အမှန်ဖြင့်သာ အဆောက်အဦးဝယ်ယူရေးကို ကျိုးပမ်းသွားရန်၊

–ဘုန်းတော်ကြီးကျောင်းကို Örebro ဒေသဝန်းကျင်တွင် တန်ဘိုး ၄သိန်းဝန်းကျင်ရှိ လုံးချင်းအိမ်ကိုသာ ဝယ်ယူရန်၊

– အလှူငွေ ၃၀၀၀ ကိုလက်ငင်း သို့မဟုတ် ၆ လအတွင်း အရစ်ကျဖြင့် လှူဒါန်းရန်၊

– အလှူခံဖြတ်ပိုင်းများအသုံးပြု၍ကောက်ခံရန်၊

–ဆရာတော်ဦးနန္ဒ Örebro မြို့သို့ပြောင်းရွှေ့ရာတွင် အလုပ်အမှုဆောင်များမှ အကူအညီပေးရန်၊

–ကိုဇေယျာထံမှအဖွဲ့အစည်းပိုင်ပစ္စည်းများကို ၂ ပါတ် အတွင်း ဥက္ကဌထံလွှဲအပ်ရန်။

<u>ရွေးကောက်တင်မြှောက်ခြင်း</u>

လက်ရှိဗဟိုအမှုဆောင်များမှ ၎င်းတို့၏တာဝန်များကို ပြန်လည်အပ်နှံခဲ့ကြသည်။

<u>နာယကများတင်မြှောက်ပုံ</u>

ပဓာနဩဝါဒစရိယဆရာတော်ဦးဥတ္တရ

ဩဝါဒစရိယဆရာတော်ဦးနန္ဒ

ဦးရှားရယ်

ဒေါ်သန်းသန်း

ကိုခိုင်ထူး

<u>ဗဟိုအလုပ်အမှုဆောင်များရွေးချယ်ပုံ</u>

ဥက္ကဌ—ကိုအောင်နိုင်(ခ) ကိုတာ

ဒုဥက္ကဌ—ကိုကျော်သက်

အတွင်းရေးမှူး—ဦးအောင်တင့်(ခ) ဦးတင်ဝင်လှိုင်

တွဲဘက်အတွင်းရေးမှူး—ကိုခင်ငြိမ်းလွင်(ခ) ကိုချမ်းငြိမ်း

ဘဏ္ဍာရေးမှူး—မသီတာ

သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ—ကိုစံရ

<u>တွဲဖက်ဗဟုအမှုဆောင်များရွေးချယ်ပုံ</u>

တွဲဘက်ဘဏ္ဍာရေးမှူး—မမြင့်မြင့်အေး

တွဲဘက်သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ—ကိုဇော်မျိုးလှိုင်

စာရင်းစစ်—ကိုရန်နိုင်

Created with Print2PDF. To remove this line, buy a license at: http://www.software602.com/

မှတ်ချက်။ ။ ဩဝါဒစရိယဆရာတော်များ၏ အရေးကြီးသောအခန်းဂဏ္ဍများ ၎င်းတို့၏အဖွဲ့အစည်းအပေါ်စီမံခန့်ခွဲပုံနှင့် ဩဇာသက်ရောက်မှုများကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

**ဖွဲ့စည်းပုံပြင်ဆင်ချက်**

– ဖွဲ့စည်းပုံပါမျက်နှာစုံညီအစည်းအဝေးကို တစ်နှစ်တစ်ကြိမ်ပွင့်လင်းရာသီတွင်ကျင်းပရန်ကိုင်း၊ ကြားကာလများတွင် ဗဟိုအမှုဆောင်များမှ လုပ်ငန်းစဉ်များကို လပတ်အစည်းအဝေးများဖြင့် လိုအပ်သလို ညှိနှိုင်းလုပ်ဆောင်သွားကြရန်၊

–ယခင်ကဖွဲ့စည်းထားခဲ့သော အလုပ်အမှုဆောင်အဖွဲ့နှင့် ၎င်းတို့၏တာဝန်များကို ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ချိန်အထိ ယာယီဆိုင်းငံ့ထားပြီး ၎င်းအဖွဲ့ဝင်အချို့တို့မှ ဒေသဆိုင်ရာအမှုဆောင်များအဖြစ် အလှူငွေကောက်ခံခြင်းကို ဆက်လက်ဆောင်ရွက်သွားရန်၊

ဆုံးဖြတ်ခဲ့သည်။

## ဖွဲ့စည်းပုံ

ဆွီဒင်နိုင်ငံရောက် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သူ မြန်မာနိုင်ငံသားများသည် ဗုဒ္ဓသာသနာပြန့်ပွားရေးကို ရှေးရှု၍ ၁၃၆၉ ခုနှစ် နတ်တော်လဆန်း (၁၄) ရက် ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့ တွင် "မြန်မာနိုင်ငံသားများဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့" ကို ဆွီဒင်နိုင်ငံ Gävle မြို့တွင် တရားဝင် စတင်ဖွဲ့ စည်းခဲ့ပါသည်။ ဤဖွဲ့စည်းပုံကို လိုအပ်ချက်များရှိသည့်အလျောက် အများဆန္ဒနှင့်အညီ ၂၀၀၉ခုနှစ် ဒီဇင် ဘာလ (၂၅) ရက်နေ့ ၂နှစ်ပတ်လည်အစည်းအဝေးတွင် Örebro မြို့၌ ပြင်ဆင်ခဲ့ပါသည်။

အမည် ။ ။ အဖွဲ့အစည်း၏ အမည်ကို "မြန်မာနိုင်ငံသားများဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့" ဟုသာ ခေါ်တွင်စေရမည်။

ဦးတည်ချက် ။ ။ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေး

ရည်ရွယ်ချက် ။ ။ (၁) မျိုးဆက်သစ် မြန်မာနိုင်ငံသားများအတွက် ဗုဒ္ဓတရားတော် အမွေအနှစ်များအား လက်ဆင့်ကမ်းရေး။
(၂) ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ထုံးထမ်းအစဉ်အလာများ ထိမ်းသိမ်းရေး

အမှုဆောင်အဖွဲ့များ (ဗဟို နှင့် အလုပ်) ၏ သက်တမ်းသည် ၂နှစ် ဖြစ်သည်။

မျက်နှာစုံညီစည်းဝေးပွဲကို တစ်နှစ်တစ်ကြိမ် ပွင့်လင်းရာသီတွင်ကျင်းပစေရမည်။ ဗဟိုအမှုဆောင်များမှ ကြားကာလအတွင်း လပတ်အစည်းအဝေးများဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်။

## တာဝန်နှင့် ဝတ္တရားဆိုင်ရာများ

ပဓာန နှင့်ဩဝါဒစရိယ ဆရာတော်များ။ ။ ရိုးရာထုံးတမ်းစဉ်လာများနှင့်အညီ အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေဆောင်၊ ဩဝါဒခံယူရာ၊ ဆည်းကပ်ရာဖြစ်ပြီး လောကုတ္တရာရေးများတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်သည်။ အဖွဲ့အစည်း၏ စည်းလုံးညီညွတ်ရေးကိုထိမ်းသိမ်းခြင်းဖြင့် ဦးဆောင်မှုပေးမည်။ လိုအပ်ပါက ဗဟိုအမှုဆောင်များသို့ တိုက်ရိုက်စီမံခန့်ခွဲမည်။

Created with Print2PDF. To remove this line, buy a license at: http://www.software602.com/

နာယက။ ။ လုပ်ငန်းဆိုင်ရာနှင့် ကော်မတီဝင်များအပေါ် လိုအပ်သလို အကြံပေးခြင်း၊ နည်းလမ်းပြခြင်း၊ တိုင်ပင်ခံခြင်းတို့ကိုလုပ်ဆောင်မည်။

ဥက္ကဌ။ ။ အဖွဲ့အစည်း၏ လောကီရေးရာများတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်သည်။ လုပ်ငန်းပိုင်းဆိုင်ရာများကို ကြီးကြပ်စီမံညွှန်ကြားခြင်း၊ အထက်အောက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊ လိုအပ်လျှင် အရေးပေါ်အစည်းအဝေးများခေါ်ယူစေခြင်း၊ အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ်ဆောင်ရွက်ခြင်း၊ စည်းကမ်းနှင့် ကျောင်းပစ္စည်း ထိမ်းသိမ်းရေးတွင် ကြီးကြပ်ရန် တာဝန်ရှိသည်။

ဒုဥက္ကဌ။ ။ အဖွဲ့အစည်း၏ ဒုတိယတာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ဥက္ကဌနှင့်တွဲဖက်၍ လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ရမည်။

အတွင်းရေးမှူး ။ ။ အဖွဲ့အစည်းအတွင်း တတိယတာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်သည်။ စည်းရုံးရေး သာသနာပြန့်ပွားရေး နှင့် မှတ်တမ်းဌာနတို့ကို ကြီးကြပ်ရန် တာဝန်ရှိသည်။ အထက်အောက် လုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် တာဝန်ရှိသည်။ ဥက္ကဌများမအားလပ်လျှင် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို အစားထိုးဆောင်ရွက်ရမည်။

တွဲဖက်အတွင်းရေးမှူး။ ။ အဖွဲ့အစည်းတွင် စတုတ္ထ အမြင့်ဆုံးသော တာဝန်ရှိသူ ဖြစ်သည်။ ဧည့်ခံကျွေးမွေးရေးနှင့် ချက်ပြုတ်ရေးလုပ်ငန်းတို့တွင် ကြီးကြပ်ရန်တာဝန်ရှိသည်။ အတွင်းရေးမှူး မအားလပ်လျှင် ၎င်း၏တာဝန်များကို အစားထိုးဆောင်ရွက်ရန် တာဝန်ရှိသည်။

ဘဏ္ဍာရေးမှူး။ ။ ထောက်ပံ့ရေးနှင့် ရန်ပုံငွေရှာဖွေရေး လုပ်ငန်းများတွင် ကြီးကြပ်ရန်တာဝန်ရှိသည်။ အဖွဲ့အစည်း၏ ဘဏ်စာရင်းနှင့် ဝင်ငွေထွက်ငွေတို့ကို စနစ်တကျလုပ်ဆောင်စေရမည်။ ဘဏ်မှငွေကြေးထုတ် ယူသုံးစွဲမှုတွင် ဥက္ကဌနှင့် အတွင်းရေးမှူးတို့၏ ခွင့်ပြုချက်ဖြင့်သာ ထုတ်ယူခွင့်ရှိစေရမည်။ ဖလတစ်ကြိမ် ငွေစါရင်းစစ်ဆေးခြင်းတွင် ပူးပေါင်းဆောင်ရွက်ရမည်။

သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ။ ။ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းခြားများ ပုဂ္ဂိုလ်များနှင့် ဆက်ဆံပြန်ကြားခြင်းများကို ဥက္ကဌ (သို့) အတွင်းရေးမှူးတို့၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်စေရမည်။ ဘာသာရေးအခမ်းအနားများ အစည်းအဝေးများကျင်းပတိုင်း အဖွဲ့ဝင်များထံ အချိန်မီ အကြောင်းကြားခြင်း သတင်းထုတ်ပြန်ခြင်းပြန်ခြင်းများ လုပ်ဆောင်စေရမည်။ အဖွဲ့၏ ကိုယ်ပိုင် Website တစ်ခုကို တာဝန်ယူလုပ်ဆောင်စေရမည်။ ထူးခြားသည့် နိုင်ငံတကာနှင့်ပြည်တွင်း ဘာသာရေးဆိုင်ရာ အချက်အလက်များကို လိုအပ်သလို ဖြန့်ချီပေးရမည်။

စာရင်းစစ် ။ ။ ဖလတစ်ကြိမ် ငွေစာရင်းရှင်းတမ်းများအား စစ်ဆေးအတည်ပြု၍ အမှုဆောင်များနှင့် အများပြည်သူသို့ တင်ပြပေးရန် တာဝန်ရှိသည်။

အလုပ်အမှုဆောင်များ။ ။ အလုပ်အမှုဆောင်များ၏ တာဝန်နှင့်ဝတ္တရားဆိုင်ရာများကို ဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ချိန်အထိ ရွှေ့ဆိုင်းထားသည်။ (အချို့မှာ ဒေသဆိုင်ရာတာဝန်ခံများအဖြစ် အလှူငွေကောက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိကြသည်။)

Created with Print2PDF. To remove this line, buy a license at: http://www.software602.com/